ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**THE REPUBLIC OF THE UNION OF MYANMAR**

**MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION**

# ပိုးသတ်ဆေးဥပဒေဆိုင်ရာ

# လုပ်ထုံးလုပ်နည်းများ

# PROCEDURES RELATING TO

# THE PESTICIDE LAW

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

10th July 2019

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## စိုက်ပျိုးရေးဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

(၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

စိုက်ပျိုးရေးဦးစီးဌာနသည်ပိုးသတ်ဆေးဥပဒေပုဒ်မ-၄၇၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

## THE REPUBLIC OF THE UNION OF MYANMAR

## MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION

## DEPARTMENT OF AGRICULTURE

**Notification No. 2 / 2019**

The $9^{th,}$ Waxing day of Waso, 1381 M.E

($10^{th}$ July 2019)

In exercise of the powers conferred under subsection (b) of section 47 of the Pesticide Law, the Department of Agriculture hereby prescribes the following procedures.

### CHAPTER I
### Title and Definitions

1. These procedures shall be called Procedures relating to the Pesticide Law.

၂။ ဤ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များ သည် ပိုးသတ်ဆေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည်။ ထို့အပြင်အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပိုးသတ်ဆေးဥပဒေကိုဆိုသည်။

(ခ) **ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ၊ ပိုးသတ်ဆေး သို့မဟုတ်အဆိပ်ရှိပစ္စည်း တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ပမှ လည်းကောင်း၊ ပြည်တွင်းမှ လည်းကောင်း ထုတ်လုပ်သူ (သို့မဟုတ်)ထုတ်လုပ်သူ၏ တရားဝင်အခွင့်အာဏာလွှဲအပ်ထားသောသူ မှ မှတ်ပုံတင်ပေးရန်လျှောက်ထား လာသည့် အခါမှတ်ပုံတင်အဖွဲ့ က ပိုးသတ်ဆေး ထိရောက်မှုရှိခြင်း၊ လူ့ကျန်းမာရေးနှင့်ပတ်ဝန်းကျင်တို့အားအန္တရာယ်ရှိမှုနည်းခြင်းတို့ကိုအခြေခံ၍စိစစ်သုံးသပ်ပြီးကျေနပ်မှုရှိသဖြင့်ယင်း ပိုးသတ်ဆေးကို မှတ်ပုံတင် ခွင့်ပြုပေးခြင်းကိုဆို သည်။

(ဂ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဥပဒေနှင့် အညီမှတ်ပုံတင်အဖွဲ့ကထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဃ) **မူပိုင်ကုန်အမှတ်တံဆိပ်အမည်** ဆိုသည်မှာ ပိုးသတ်ဆေးအား မှတ်ပုံတင်ထားသည့် မူပိုင်ကုန်အမှတ်တံဆိပ် အဖြစ်သုံးစွဲသည့်အမည်ကိုဆို သည်။

2. The expressions contained in these procedures shall have the same meanings as are defined to them in the Pesticide Law. In addition the following expressions shall have the meanings given below:

(a) **Law** means the Pesticide Law;

(b) **Registration of pesticides** means granting of registration by the Registration Board on being satisfied with respect to the application for registration of any pesticide or active ingredient submitted by any national or international manufacturer or person authorized by manufacturer following scrutiny based on its effectiveness and on its being not unduly harmful to human health and environment;

(c) **Registration certificate** means the certificate issued by the Registration Board in accordance with the Law;

(d) **Trade name** means the name of the registered pesticides as patent;

(င) **ပြင်ဆင်မှတ်ပုံတင်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လို၍ မှတ်ပုံတင်အဖွဲ့သို့ ပြင်ဆင်မှတ်ပုံတင်ပေးရန်လျှောက်ထားလာသည့် အခါ စိစစ်သုံးသပ်ပြီး မှတ်ပုံတင်အဖွဲ့ကကျေနပ်မှုရှိသဖြင့်ပြင်ဆင် မှတ်ပုံတင်ခွင့်ပြုပေးခြင်းကို ဆိုသည်။

(၁) ဖော်စပ်နည်းပြောင်းလဲခြင်း၊

(၂) အကျိုးသက်ရောက်မှုနယ်ပယ်တိုးချဲ့သုံးစွဲခြင်း၊

(၃) ထုတ်လုပ်သူတစ်ဦး၏မှတ်ပုံတင်ထားသည့်ပိုးသတ်ဆေးတွင်ပါရှိသောအဆိပ်ရှိပစ္စည်းကိုသုံးစွဲ၍ယင်း၏ ခွင့်ပြုချက်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးက အမည်သစ်ဖြင့် ဖော်စပ်ထုတ်လုပ်ခြင်း။

(စ) **ပိုးသတ်ဆေးဓာတ်ကြွင်း** ဆိုသည်မှာ ပိုးသတ်ဆေးသုံးစွဲခြင်းကြောင့် ရိက္ခာ၊ တိရစ္ဆာန်အစာနှင့် ပတ်ဝန်းကျင် တို့တွင်ကျန်ရှိသည့် ဓာတုပစ္စည်းကို ဆိုသည်။ယင်းစကားရပ်တွင် ပိုးသတ်ဆေးတွင် ပါဝင်သည့် အဆိပ်ရှိပစ္စည်းအဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာသော ဓာတု ပစ္စည်း နှင့် သုံးစွဲသည့် ပိုးသတ်ဆေးကြောင့် ပါဝင်နိုင်သည့် မသန့်စင်သော ပစ္စည်း တို့လည်းပါဝင်သည်။

(ဆ) **အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှုသတ်မှတ်ချက်** ဆိုသည်မှာ ရိက္ခာ၊ စိုက်ပျိုးထွက်ပစ္စည်း၊ တိရစ္ဆာန် အစာတို့ ၌

(e) **Amendment of registration** means the amending of registration by the Registration Board on being satisfied after scrutiny on the application for any of the following amendments with respect to the registered pesticide:

(1) Change of formulation;

(2) Expanding the effectiveness of pesticide on any pest;

(3) With the consent of the manufacturer, formulation and production of active ingredient under a new name by a third person using the active ingredient contained in a pesticide registered by the manufacturer.

(f) **Pesticide residue** means the chemical substances remaining in food, animal feed and environment resulting from the use of pesticide. This expression also includes chemical substances resulting from the metabolism of active ingredients contained in the pesticide and impurities which may be contained in the pesticide being used;

(g) **Maximum residue limit** means the maximum concentration of residue permitted by the Registration

ရိတ်သိမ်းချိန်၊ သိုလှောင်ချိန်၊ သယ်ယူ ပို့ဆောင်ချိန်၊ ရောင်းဝယ်ဖောက်ကားချိန်၊ စားသုံး သည့် အဆင့် ထိ ရိက္ခာပြုပြင်ချိန်စသည်တို့တွင်မှတ်ပုံတင်အဖွဲ့ကခွင့်ပြုသည့်အမြင့်ဆုံးခံတတ်ကြွင်းပါဝင်မှုပမာဏကို ဆိုသည်။

(ဇ) **ကန့်သတ်ထားသောပိုးသတ်ဆေး ဆိုသည်မှာ** ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကြီးကြပ်မှု ဖြင့်ဖြစ်စေ၊ မှတ်ပုံတင် အဖွဲ့က သတ်မှတ် ထားသည့်သုံးစွဲရမည့် ပုံစံနှင့်အညီသာ အသုံးပြုနိုင်သည့်လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်ကြီးမားသော ပိုးသတ်ဆေးများကို ဆိုသည်။

(ဈ) **သုံးစွဲရမည့်ပုံစံ** ဆိုသည်မှာပိုးသတ်ဆေးတစ်မျိုးမျိုးအားမှတ်ပုံတင်ပေး သည့်အခါ ယင်းမှတ်ပုံတင်လက်မှတ်တွင်မှတ်ပုံ တင်အဖွဲ့က သတ်မှတ်ပေးသည့် သုံးစွဲရမည့်နည်းလမ်းများကို ဆိုသည်။

(ည) **ပုံစံများ** ဆိုသည်မှာ ဤ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော ပုံစံများ ကို ဆိုသည်။

(ဋ) **ပိုးသတ်ဆေးဖြန့်ဖြူးရောင်းချခြင်း** ဆိုသည်မှာ မှတ်ပုံတင်ရရှိထားသောပိုးသတ်ဆေးသို့မဟုတ် အဆိပ်ရှိ ပစ္စည်း တစ်မျိုးမျိုး အား ထုတ်လုပ်သူ ၏ သဘော တူညီချက်ဖြင့် ပြည်တွင်းသို့တင်သွင်း ဖြန့်ဖြူး ရောင်းချခွင့်ပြုခြင်းကို ဆိုသည်။

Board in food, agricultural products and animal feed at the time of harvesting, storage, transportation, marketing and preparation of food up to the stage of consumption;

(h) **Restricted Pesticide** means pesticides highly hazardous to human health and environment, which can only be used by or under the supervision of a certified pesticide applicator in accordance with prescribed use pattern prescribed by the Registration Board;

(i) **Prescribed Use Pattern** means all methods to be used of a pesticide as prescribed in the registration certificate by the Registration Board;

(j) **Forms** mean the forms contained in these procedures;

(k) **Distribution and sale of pesticide** mean any registered pesticide or active ingredient which is imported, distributed and sold with the agreement of manufacturer.

## အခန်း(၂)
## မှတ်ပုံတင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း

၃။ မှတ်ပုံတင်အဖွဲ့သည် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့် များကို ဆောင်ရွက်ရန် အစည်းအဝေးကို ခြောက်လလျှင် တစ် ကြိမ်ပြုလုပ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက လိုအပ်သည်ဟု ယူဆ လျှင် မည်သည့် အချိန်တွင်မဆို အစည်းအဝေးပြုလုပ်နိုင်သည်။ ယင်းအစည်းအဝေးတွင် လိုအပ်ပါက ပြင်ပ ကျွမ်းကျင်သူ ပညာရှင်များ ကို လည်းကောင်း၊ မှတ်ပုံတင်လျှောက် ထားသူကိုလည်း ကောင်း တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့ အစည်းအဝေးတွင် ဥက္ကဋ္ဌက သဘာပတိ အဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ အစည်းအဝေးမတက်ရောက် နိုင်သည့်အခါ ယင်းကတာဝန်ပေးအပ်သူ အဖွဲ့ဝင်တစ်ဦးက သဘာပတိအဖြစ် ဆောင်ရွက်နိုင်ပြီး အဖွဲ့ဝင်များကိုယ်တိုင် တက်ရောက်ရမည်။

၅။ အဖွဲ့ဝင်ဦးရေ ထက်ဝက်ထက်ပို၍ တက်ရောက်လျှင် အစည်း အဝေးအထမြောက်သည်။

၆။ မှတ်ပုံတင်အဖွဲ့ ၏ အစည်းအဝေး များ တွင် မှတ်ပုံတင် ထုတ်ပေး သည့် ဆုံးဖြတ်ချက်မှ အပ ကျန်ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်အနည်းဆုံး ၆၀ ရာခိုင်နှုန်း၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ ထောက်ခံမဲနှင့် ကန့်ကွက်မဲ တူညီနေသည့်ကိစ္စရပ်တွင် သဘာ ပတိက အဆုံးအဖြတ်မဲပေးနိုင်သည်။

## CHAPTER II
## Exercise of the Duties and Powers of the Pesticide Registration Board

3. The Registration Board shall convene biannual meetings regularly to perform the duties and to exercise powers as prescribed under the Law. However, the Chairperson, may convene the meeting at any time if he deems it necessary. External experts and/ or the applicants for registration may be invited to the meeting if necessary.

4. The Chairperson shall preside at the meetings of the Registration Board. When the Chairperson is unable to attend, one of the members assigned by him shall preside at the meeting and the other members shall have to attend in person.

5. More than half of the members shall be present at a meeting to constitute a quorum.

6. At the meeting of the Registration Board, all decisions apart from the issuance of the registration certificate shall be approved only when at least 60 percent votes of the members are agreed. When the votes on each side are equal, the Chairperson may give the casting vote.

မှတ်ပုံတင်ထုတ်ပေးရန်ဆုံးဖြတ်သည့်ကိစ္စတွင်မူပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့ဝင်များက မဲပေးဆုံး ဖြတ်ခွင့်ရှိပြီး အဖွဲ့ဝင်အနည်းဆုံး ၇၅ ရာခိုင်နှုန်း က သဘောတူမှသာလျှင် အတည်ဖြစ်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည်မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ တွင်-

(က) ပိုးသတ်ဆေး၊ပိုးသတ်ဆေးတွင်ပါဝင်သောအဆိပ် ရှိပစ္စည်း နှင့်စပ်လျဉ်း၍မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသည့်အခါတင်ပြရန်လိုအပ်သော အထောက် အထားအချက်အလက်များကို သတ်မှတ်ပေးရမည်။

(ခ) လိုအပ်ပါကသက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိ နှိုင်း ဆောင်ရွက်ရမည်။

(ဂ) ပြင်ပပညာရှင်များထံမှလည်းအကြံဉာဏ်ရယူ နိုင်သည်။

၈။ မှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင် ပါဝင်သော အဆိပ်ရှိပစ္စည်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍မှတ်ပုံတင်လျှောက်ထားခြင်း ၊ပြင်ဆင်မှတ်ပုံတင်ပေးရန်လျှောက်ထားခြင်း၊ မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားခြင်းကိစ္စရပ်များကို စိစစ်သုံးသပ်ပြီးနောက်အောက်ပါ ဆောင်ရွက်မှု တစ်ရပ်ရပ်ကို ပြုလုပ်နိုင်သည်။

(က) လျှောက်ထားသူထံမှထပ်မံတောင်းခံထားသည့် အချက်အ လက်များ ရရှိသည်အထိလျှောက်လွှာ ကို ဆိုင်းငံ့ထားခြင်း၊

However, in the case of decision to grant registration, the members of Registration Board have the rights to vote and it is approved only by the agreement of at least 75 percent of the members.

7. When carrying out its duties, the Pesticide Registration Board

(a) shall specify supporting information and data to be provided for any registration certificate of pesticide or active ingredient;

(b) shall co-ordinate with the relevant Government departments if necessary;

(c) may also take advice from external experts.

8. After scrutiny of the application for registration or for amendment of registration or for extension/renewal of registration of any type of pesticides or active ingredients, the Pesticide Registration Board shall lay down any of the following orders;

(a) Suspending the application until the further data information requested are obtained from the applicant;

(ခ) မှတ်ပုံတင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ် ခြင်း၊

(ဂ) အဆိပ်အတောက်ဖြစ်စေနိုင်မှုများလျှင်၊ ဖျက်ပိုး များအပေါ် ထိရောက်မှုမရှိလျှင်၊ လူ၊ တိရစ္ဆာန်နှင့် သဘာဝ ပတ်ဝန်းကျင်တို့အား အန္တရာယ်ရှိလျှင် လျှောက်လွှာကို ငြင်းပယ်ခြင်း။

၉။ မှတ်ပုံတင်အဖွဲ့သည်မှတ်ပုံတင်ထုတ်ပေးသည့်အခါ မှတ်ပုံတင် လက်မှတ်တွင် အောက်ပါအချက်များကို သတ်မှတ် ဖော်ပြပေးရမည်-

(က) မှတ်ပုံတင်သက်တမ်း

(ခ) မှတ်ပုံတင်အမျိုးအစားနှင့်မှတ်ပုံတင်အမှတ်၊

(ဂ) ကုန်သွယ်မှုအမည်၊

(ဃ) ထုတ်လုပ်သည့်ကုမ္ပဏီအမည်/နိုင်ငံ၊

(င) မှတ်ပုံတင်ခွင့်ပြုချက်ရသူ/အဖွဲ့အစည်း/ကုမ္ပဏီအမည်၊

(စ) အဆိပ်ရှိပစ္စည်း၏အမည်၊

(ဆ) အဆိပ်ရှိပစ္စည်းများပါဝင်မှုနှင့် ပြင်းအား

(ဇ) အရည်အသွေးဆိုင်ရာ စံနှုန်းများ၊

(ဈ) ထည့်သွင်းထုပ်ပိုးပစ္စည်း အမျိုးအစားနှင့်အရွယ်

(ည) သုံးစွဲရမည့်ပုံစံ၊

(ဋ) သုံးစွဲမှုကန့်သတ်ချက်၊

(ဌ) မှတ်ပုံတင်ထားသော မရိတ်သိမ်းမီ စောင့်ဆိုင်းရမည့် ကာလနှင့် ခွင့်ပြုထားသော အမြင့်ဆုံး ဓါတ် ကြွင်းပါဝင်မှု၊

(b) Granting or rejecting the registration and extension/ renewal of registration;

(c) Rejecting the application based on higher toxicity, lack of efficiency in pest control and hazard to human, animal and environment.

9. The Pesticide Registration Board shall, upon granting of registration, specify the following particulars in the registration certificate:

(a) duration of registration

(b) type of registration and registration certificate number

(c) trade name

(d) manufacturing company/ country

(e) name of person/ organization/company who received the permission of registration

(f) name of active ingredient

(g) Content and concentration of active ingredient.

(h) Quality specifications:

(i) Packaging material type and size.

(j) Prescribed use patterns:

(k) Restriction on use.

(l) pre-harvest intervals and permitted maximum residue limit.

၁၀။ မှတ်ပုံတင်အဖွဲ့သည် အစိုးရဌာနသို့မဟုတ်အဖွဲ့အစည်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း၊စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ အများပြည်သူက စိုက်ပျိုးရေး လုပ်ငန်း တွင်လည်းကောင်း၊ မြို့ရွာသန့်ရှင်းရေးနှင့် ခြင်၊ ယင်၊ ကြွက်နှင့် အိမ်တွင်းပိုးမွှားများ၊ အခြား ပိုးမွှားများ နှိမ်နင်းရေး လုပ်ငန်းများ တွင်လည်းကောင်း သုံးစွဲသော ပိုးသတ်ဆေးနှင့်သုံးစွဲနည်းတို့နှင့်စပ်လျဉ်း၍လူ၊တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန် နိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင် ပါဝင်သောအဆိပ်ရှိပစ္စည်း စစ်ဆေးသည့် ဓာတ်ခွဲခန်းများအား အသိအမှတ်ပြုရေး၊ လယ်ယာ နှင့် သစ်တောထွက် ပြည်ပ ပို့ကုန် ပစ္စည်းများနှင့် အခြားပစ္စည်းများ၊ သိုလှောင်သီးနှံများကို ပိုးသတ် ခြင်း၊ လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့် နေရာ၊ ဂိုဒေါင်နှင့် အဆောက်အအုံများ၊ သယ်ဆောင်သည့် ယာဉ်နှင့် ကုန်သေတ္တာ များတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်း သို့မဟုတ် ပိုးသတ်မှိုင်း တိုက်ခြင်းလုပ်ငန်း အသိအမှတ်ပြု လိုင်စင်ခွင့်ပြုနိုင်ရေး အတွက်လိုအပ်သည့်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၂။ မှတ်ပုံတင်ခွင့်ပြုထားသောပိုးသတ်ဆေး၊ပိုးသတ်ဆေး တွင် ပါဝင်သောအဆိပ်ရှိပစ္စည်း သည်ပြည်တွင်းပြည်ပမှ ထပ်မံရရှိသော အချက်အလက်များ အရလူ၊ တိရစ္ဆာန် နှင့် သဘာဝ ပတ်ဝန်းကျင်အား အန္တရာယ်

10. In order to prevent hazard to human, animal and environment, the Registration Board may issue occasionally on necessary orders and directives to the Government Departments or Organizations, State owned Economic Enterprises, Development committees and Boards, and the general public as to the use of pesticide and method of application in agriculture, in urban and rural sanitation and controlling mosquitoes, flies, rats, household pests and other insects.

11. The Pesticide Registration Board may issue directives relating to stipulations necessary for the recognition of laboratories for analysis of pesticide or active ingredient and granting the license to carrying out pesticide treatment or fumigation works for agricultural and forest products and other exported products, living environment, stored places, warehouses, stored grains and buildings, vehicles and containers.

12. Based on the further data information received from national and international sources, the Registration Board shall prohibit the business when registered pesticide or active ingredient shall hazard to human, animal and environment.

ဖြစ်စေနိုင်သည်ဟုသိရှိရပါက မှတ်ပုံတင်အဖွဲ့သည် ထိုပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင်လက်မှတ်ကို ရုတ်သိမ်းခြင်းပြုနိုင်သည်။ မှတ်ပုံတင် ခွင့် ပြုချက်ရသူက မှတ်ပုံတင် ပယ်ဖျက်ပေးရန် တောင်းဆိုလာလျှင် ပယ်ဖျက်နိုင်သည်။

If necessary the certificate may be withdrawn. The registration should be cancelled upon the request of registration certificate holder.

၁၃။ မှတ်ပုံတင်အဖွဲ့သည် မိမိဆောင်ရွက်ချက်များကို ဝန်ကြီး ဌာနသို့ အခါအားလျော်စွာ တင်ပြ အစီရင်ခံရမည်။

13. The Pesticide Registration Board shall occasionally report on its performance to the Ministry.

၁၄။ မှတ်ပုံတင်ခွင့်ပြုချက်ရရှိထားသူကတင်သွင်းသူ/ဖြန့်ဖြူးသူ အမည် ပြောင်းရန်၊ ကုန်ပစ္စည်း အမှတ်တံဆိပ်ဖော်ပြ ချက်များ ပြောင်းလဲရန် တင်ပြလာပါက စိစစ်ခွင့်ပြုပေးရမည်။

14. If registration certificate holder applies to change the name of importer/ distributor and consignment/ trademarks, should be assessed and granted.

## အခန်း (၃)
## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

## CHAPTER III
## Application for and Issuance of Registration Certificate and Licence

၁၅။ ပိုးသတ်ဆေးသို့မဟုတ်အဆိပ်ရှိပစ္စည်းမှတ်ပုံတင်လျှောက် ထားသူသည်ပုံစံ(၁)ကိုပြည့်စုံစွာဖြည့်သွင်း၍လိုအပ် သောနည်းပညာဆိုင်ရာအထောက်အကူပြု စာရွက်စာတမ်းများ၊ အာနိသင် ထိရောက်မှု၊ ဓာတ်ကြွင်း စမ်းသပ်ကွက် ဆောင်ရွက်ရန်နှင့် အရည်အသွေးစစ်ဆေးရန် နမူနာပစ္စည်း များပူးတွဲလျှက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့လျှောက် ထားရမည်။

15. The applicant for registration of pesticide shall dully fill *form (1)* and apply to the Registration Board along with the necessary supporting technical documents and samples for bio-efficacy, residue trial and quality test/ analysis.

၁၆။ မှတ်ပုံတင်ခွင့် ရရှိထားသော ပိုးသတ်ဆေးတစ်မျိုးမျိုး နှင့်စပ်လျဉ်း၍ ပြင်ဆင်မှတ်ပုံတင်ခြင်းကိစ္စကို ဆောင်ရွက်လို သူသည် ပုံစံ(၁)ကိုပင် ပြည့်စုံစွာဖြည့်သွင်း၍ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့လျှောက်ထားရမည်။

၁၇။ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားသူသည်ဓာတ်ခွဲစစ်ဆေးခကို လည်းကောင်း၊ မှတ်ပုံတင်ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင် အမျိုးအစား အလိုက်မှတ်ပုံတင်ခများကိုလည်းကောင်း သတ်မှတ်ထားသည့်နှုန်းထားနှင့် သတ်မှတ်သည့်နည်းလမ်းများအတိုင်းမြန်မာကျပ်ငွေဖြင့်ပေးဆောင်ရမည်။

၁၈။ မှတ်ပုံတင်အဖွဲ့သည် အပိုဒ် ၁၅ သို့မဟုတ် အပိုဒ် ၁၆ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခွင့် ပြုပါက **ပုံစံ (၂)** ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၁၉။ မှတ်ပုံတင်ခွင့်ရရှိထားသော ပိုးသတ်ဆေးတစ်မျိုးမျိုး၏ တင်သွင်းသူအမည်၊ ဖြန့်ဖြူးသူအမည်၊ ထုတ်လုပ်သူအမည်နှင့် ကုန်သွယ်မှုအမည်များ ပြောင်းလဲလိုလျှင် ပြင်ဆင်မှတ်ပုံတင်လျှောက်ထားရန်မလိုဘဲ ဈေးကွက်အတွင်းသို့ မဖြန့်ဖြူးမီ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကို ရယူရန် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရုံးမှ သတ်မှတ်ထားသော ဆောင်ရွက်ရမည့် အချက်များနှင့် လျှောက်ထားရမည် ဖြစ်ပါသည်။

၂၀။ ပိုးသတ်ဆေးမှတ်ပုံတင် လျှောက်ထားစဉ် ပူးတွဲတင်ပြရသည့် အညွှန်းစာနှင့်ပတ်သက်၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

(က) မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရမည်။

16. The applicant for amendment of registration of any type of pesticide which is already registered shall also dully fill *form (1)* and apply to which is the Registration Board.

17. The applicant for registration of pesticide shall pay registration fees and analytical fees in Myanmar Kyat at prescribed rate and in prescribed manner when application is submitted.

18. The Registration Board shall upon decision to grant registration with respect to the application made under paragraph 15 or 16, issue a registration certificate in *form(2)*.

19. Whenever the name of importer, distributor, manufacturer and trade name of any pesticide which has already registered has to be changed, the application shall be submitted to the Joint-Secretariat office of the Pesticide Registration Board in order to receive the permission without applying for the Amended Registration before distribution.

20. Regarding the Labels submitted together with the application of pesticide registration, the following particulars are to be complied with by the applicant:-

1. the label shall be mentioned both in Myanmar and English languages;

(ခ) မှတ်ပုံတင်ခွင့် ရရှိပြီးပါက ဈေးကွက်တင်မည့် အညွှန်းစာကို မြန်မာစာဖြင့်သာ တင်သွင်းဖြန့် ဖြူးရမည်။

(ဂ) မှတ်ပုံတင်ခွင့်ရရှိပြီးသော အညွှန်းစာပါ အချက်အလက်တစ်စုံတစ်ရာအားလည်းကောင်း၊ ပုံသဏ္ဌာန်အားလည်းကောင်း ပြောင်းလဲလိုပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရုံးမှ သတ်မှတ်ထားသော ဆောင်ရွက်ရမည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ပုံသဏ္ဌာန်တစ်မျိုးတည်းဖြစ်ရမည်။

၂၁။ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေး၊ပိုးသတ်ဆေးတွင် ပါဝင်သောအဆိပ်ရှိပစ္စည်း တင်သွင်းလိုလျှင် တင်သွင်းခြင်းမပြုမီ အောက်ပါအချက်အလက်များကိုတင်သွင်းသူက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြိုတင်၍ တင်ပြရမည်။

(က) ပိုးသတ်ဆေး၊ပိုးသတ်ဆေးတွင် ပါဝင်သော အဆိပ်ရှိပစ္စည်း သိုလှောင်/ဖြန့်ဖြူးမည့်နေရာဒေသ၏ လိပ်စာ၊

(ခ) အဆောက်အအုံ အမျိုးအစား၊

(ဂ) အဆောက်အအုံ၏ အကျယ်အဝန်း၊

(ဃ) လက်ကားရောင်းချမည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အမည်နှင့်နေရပ်လိပ်စာ၊

(င) ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင် ပါဝင်သောအဆိပ်ရှိပစ္စည်းကိုင်တွယ်မည့်သူများ၏အမည်နှင့် အဆိပ်အတောက်များကို အန္တရာယ် ကင်း ရှင်းစွာ ကိုင်ဆောင်ခွင့်ရှိခြင်းနှင့် စပ်လျဉ်း၍ ရရှိထားသည့် အထောက်အထားများ၊

2. shall be imported and distributed pesticides only with Myanmar label to be marketed after getting registration.
3. shall comply with prescribed issues , whenever intended to make any changes on the format of label of pesticide already registered and shall be uniformed format of label prescribed by Pesticide Registration office.

21. The importer of a registered pesticide or active ingredient shall, before importation, provide to of the Pesticide Registration Board the following particulars:

(a) address of the premise in which the pesticide or active ingredient will be stored/ distributed;

(b) type of building;

(c) area of building;

(d) names and addresses of wholesale dealers/ organizations;

(e) names of the persons who will be handling the pesticide or active ingredients and evidences documents relating with handling safety on poisons ;

(စ) ပိုးသတ်ဆေး ကိုင်တွယ်မည့်သူ၏ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူ၊

(ဆ) မှတ်ပုံတင်အဖွဲ့မှ အတည်ပြုထားသော မြန်မာ အညွှန်းစာ နမူနာပုံစံ၊

(ဇ) ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်ရာတွင် အသုံးပြုမည့် အဆိပ်ရှိပစ္စည်းအား တင်သွင်းသူသည် ဖော်စပ်ထုတ်လုပ်ခွင့်လိုင်စင် ကိုင်ဆောင်ထားသူကိုသာ ယင်းအဆိပ်ရှိပစ္စည်းအား ဖြန့်ဖြူးရမည်။ ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်လိုသောသူ၏ ပိုးသတ်ဆေးသည်လည်း မှတ်ပုံတင်ခွင့်ပြုချက် ရရှိထားပြီးဖြစ်ရမည်။

၂၂။ ပြည်ပမှတင်သွင်းသောအဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်လိုသူသည် **ပုံစံ(၃)** ကို ပြည့်စုံစွာ ဖြည့်သွင်း၍ ညွှန်ကြား ရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၃။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၂ အရ လျှောက်ထား လာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက် အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ်ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

(f) copy of the Certificate in Certified Pesticide Applicator Training for the person who will be handling the pesticide;

(g) sample of Label in Myanmar language which is approved by the Registration Board;

(h) Importer who wants to import of active ingredient to be used in formulation can distribute only to the person who holds the Formulation License. Formulation License holder should be only used the Registered Pesticides in formulation.

22. Any person desirous of engaging in formulation and sale of pesticide locally shall apply for grant the formulation licence to the Director General of Department of Agriculture after it is dully filled in *form (3)*

23. The Director General may, after scrutiny of the application, made under paragraph 22, pass any of the following orders:-

(a) Requesting the further required data information from the applicant.

(b) Granting or refusing to issue licence;

(c) Laying down any other order as may be deemed fit.

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၂ အရ လျှောက်ထားလာသည့် ကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ(၄)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၂၅။ ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသည့် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကိုလည်းကောင်း၊ ပြည်တွင်းတွင် မှတ်ပုံတင်ထားပြီး ဖော်စပ်ထုတ်လုပ်သည့် ပိုးသတ်ဆေးကို လည်းကောင်း ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်လိုသူသည် **ပုံစံ(၅)** ကို ပြည့်စုံစွာ ဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၅ အရ လျှောက် ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထား အချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံ ခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၅ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ(၆)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

24. The Director General shall, upon decision to grant licence with respect to the application made under clause 22, issue the licence in *form (4)*.

25. A person desirous of engaging in repacking and sale of imported or locally registered and produced pesticide shall apply to the Department paragraph *in form (5)* duly filled.

26. The Director General may, after scrutiny of the application made under clause 25, pass any of the following orders:

(a) requesting the further required data from the applicant.

(b) granting or refusing to grant licence;

(c) laying down any other order as may be deemed fit.

27. The Director General shall, upon decision to grant licence with respect to the application made under clause 25, issue the licence in *form (6)*.

၂၈။ ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် **ပုံစံ(၇)**ကို ပြည့်စုံစွာဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၉။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ်၂၈အရ လျှောက်ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထား အချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည် ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

၃၀။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၈ အရ လျှောက်ထားလာသည့် ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ(၈)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၃၁။ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချလိုသူသည် **ပုံစံ(၉)**ကို ပြည့်စုံစွာဖြည့်သွင်း၍ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံသို့ လျှောက်ထားရမည်။ သို့ရာတွင် အပိုဒ် ၂၁ သို့မဟုတ် အပိုဒ် ၂၄ အရ လျှောက်ထားပြီးနောက် လိုင်စင်ရရှိသူသည် တိုက်ရိုက် ဖြန့်ဖြူး ရောင်းချသည့်ကိစ္စတွင်မူ အပိုဒ်၃၀ အရ ထပ်မံလျှောက်ထားရန် မလို။

28. A person desirous of engaging in fumigation shall, apply for fumigation lincence to the Director General of Department of Agriculture after it is dully filled in *form (7)*.

29. The Director General may, after scrutiny of the application made under clause 28, pass any of the following orders:

(a) requesting the further required data from the applicant.

(b) granting or refusing to grant licence;

(c) laying down any other order as may be deemed fit.

30. The Director General shall, upon decision to grant licence with respect to the application made under clause 28, issue the licence in *form (8)*.

31. A person desirous of engaging in wholesale / retail sale of pesticides shall apply for the wholesale / retail lincence to the Director General of Department of Agriculture after it is dully filled in *form (9)*. Holders of licence, retained under clause 21 or 24, however, need not to re-apply under clause 30, for engaging in direct sales of pesticides.

၃၂။ အပိုဒ်၃၁ အရ လိုင်စင်လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လက်လီလက်ကား အရောင်းဆိုင်သည် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ စားသောက်ကုန်ဆိုင် စသည့် ပတ်ဝန်းကျင်အန္တရာယ်ကင်းကြောင်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၃၃။ သက်ဆိုင်ရာခရိုင်ဦးစီးမှူးသည် အပိုဒ် ၃၁ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထား အချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

၃၄။ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးသည် အပိုဒ်၃၁အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ (၁၀)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၃၅။ ပိုးသတ်ဆေးတင်သွင်းဖြန့်ဖြူးသူ၊ လက်လီလက်ကား ရောင်းချသူ၊ ပြည်လည်ထုပ်ပိုးရောင်းချသူ၊ ဖော်စပ်ထုတ်လုပ်ရောင်းချသူနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းလုပ်ကိုင်သူအားလုံးသည် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူသင်တန်း တက်ရောက်ပြီးဖြစ်ရမည်။

32. A person who applied for the licence under paragraph 31 shall submit the application along with the recommendation letters for safety to consumer’s goods shops/ restaurant and surrounding area from the wholesale / retail shop issued by the respective township (municipal) development committee in which the licensed place is existed.

33. The respective District Officer may, after scrutiny of the application made under clause 31, pass any of the following orders:-

(a) requesting the further required data from the applicant.

(b) granting or refusing to issue licence;

(c) laying down any other order as may be deemed fit.

34. The District Officer shall, upon decision to grant licence with respect to the application made under clause 31, issue the licence in *form (10).*

35. All pesticide importers, distributors, wholesalers, retailers, repackers, formulators and fumigator shall have already attended the Certified Pesticide Applicator training organized by the Pesticide Registration Board.

## အခန်း(၄)
## ပိုးသတ်ဆေးတင်သွင်းသူ လိုက်နာရမည့်အချက်များ

၃၆။ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးကိုတင်သွင်းသူက အောက်ပါအချက်များကို လိုက်နာရမည်-

(က) ပြည်ပမှတင်သွင်းသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများ ရောက်ရှိလာပြီးနောက် စိုက်ပျိုးရေးဦးစီးဌာန၏ စစ်ဆေးမှုကို မပျက်မကွက်ခံယူရမည်။ အရည်အသွေး စစ်ဆေးရန်အတွက် နမူနာရယူရန် သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို စစ်ဆေးရေးမှူးအား အခမဲ့ရယူခွင့်ပြုရမည်၊

(ခ) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ (၁၁) ကို ဖြည့်စွက်၍ နမူနာယူသည့် လက်မှတ်ပုံစံ(၁၂) ကို စစ်ဆေးရေးမှူးထံမှ တောင်းခံရမည်၊

(ဂ) ပိုးသတ်ဆေးများကိုမှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့်လမ်းညွှန်ချက်များအတိုင်း အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်စေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်း ပြုရမည်၊

## CHAPTER IV
## Conditions to be Complied by the Pesticide Importer

36. The importer of registered pesticide shall comply with the following conditions:

(a) the imported pesticide or active ingredient, on arrival, shall be subjected to inspection by the Department of Agriculture. The inspector shall be permitted to take the specified quantity or weight of sample to the prescribed manner free of charge in order to inspect the quality.

(b) fill the specified *form(11)* and request Sampling Certificate *form (12)* from the inspector.

(c) shall be complied with the safety guidelines issued by the Registration Board when the handling, transportation and storage of pesticides

(ဃ) ပိုးသတ်ဆေး ဖြန့်ဖြူးရောင်းချခြင်း ပြုလုပ်ရာတွင် လိုင်စင်ရရှိသူများကိုသာရောင်းချခြင်း၊ အရောင်းပြေစာထားရှိခြင်း၊ ပိုးသတ်ဆေး အမျိုးအစားအလိုက် အရောင်းမှတ်ပုံတင် ဖွင့်လှစ်၍ရေးသွင်းခြင်း၊ အရောင်းမှတ်တမ်းထားခြင်းပြုရမည်၊

(င) ပိုးသတ်ဆေးသိုလှောင်သည့် အဆောက်အအုံ၏ မြင်သာသောနေရာတွင် **"အန္တရာယ်ရှိသည်"** ဆိုသည့် စာတန်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(စ) ပိုးသတ်ဆေး အထုတ်အသွင်း မပြုလုပ်သည့် အချိန်တွင် သိုလှောင်ရုံကို လုံခြုံစွာ သော့ခတ်ထားရမည်၊

(ဆ) ပိုးသတ်ဆေးအတင်အချပြုလုပ်ရာတွင် အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

(ဇ) ပိုးသတ်ဆေးသိုလှောင်ရုံ၏ တည်နေရာနှင့် သိုလှောင်ထားသည့် အမျိုးအစားနှင့် အများဆုံးသိုလှောင်နိုင်သည့် ပမာဏကို အနီးဆုံး မီးသတ်စခန်းသို့ လစဉ်ပေးပို့ထားရမည်၊

(ဈ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများ၊ ပတ်ဝန်းကျင် အန္တရာယ်ဖြစ်စေနိုင်သော နေရာများတွင် သိုလှောင်ထားရှိခြင်းမပြုရ၊

(ည) အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ရန်ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(d) pesticides shall be distributed and sold only to license holder ; sale vouchers shall be kept; sale registers for different pesticides and sale records shall also be kept;

(e) the “**Danger**” sign shall be displayed in a conspicuous place of the pesticide store;

(f) the pesticide store shall be securely locked when loading and unloading is not in progress;

(g) pesticide shall be loaded and unloaded under the supervision of a person experienced in safe handling;

(h) the nearest Fire Brigade Station shall be notified of the location of pesticide store, type of pesticide which is stored and its maximum storage capacity on a monthly basis;

(i) no pesticide shall be stored in the hazardous area of living quarters and its surrounding;

(j) pesticides, active ingredients or packing materials to be disposed of due to any reasons, shall be done according to the instructions of the Department of Agriculture;

(ဋ) မိမိလက်ဝယ်ရှိ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများ အာနိသင်လျော့နည်းသွားကြောင်း ကိုတစ်နည်းနည်းဖြင့် သိရှိပါက ရောင်းချခြင်း မပြုရန်နှင့် ဖျက်ဆီးစွန့်ပစ်ရန်တို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဌ) ပိုးသတ်ဆေးများကို လုံခြုံစွာထုပ်ပိုး၍ရောင်းချခြင်း၊ ပေါက်ပြဲနေသည့်ပိုးသတ်ဆေးအိတ်များကို လုံခြုံအောင်ပြန်လည်ထုပ်ပိုးပြီး မှတ်ပုံတင်အဖွဲ့မှအတည်ပြုထားသော မြန်မာစာအညွှန်းစာဖြင့် ရောင်းချခြင်းပြုလုပ်ရမည်၊

(ဍ) ပိုးသတ်ဆေးများ၏ အာနိသင်နှင့် စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုရ၊ မှတ်ပုံတင်အဖွဲ့က ခွင့်ပြုသည့်အတိုင်းသာ ကြော်ငြာရောင်းချရမည်၊

(ဎ) ပိုးသတ်ဆေး စစ်ဆေးရေးမှူးမှ လာရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကိုခံယူရမည့်အပြင် လိုအပ်သည့်အကူအညီများပေးရမည်၊

(ဏ) ပိုးသတ်ဆေးများကို မြန်မာဘာသာအညွှန်းစာဖြင့်သာ တင်သွင်းခြင်း၊ ပြန်လည်ထုပ်ပိုးရောင်းချခြင်းနှင့် ဖော်စပ်ထုပ်လုပ် ရောင်းချခြင်း ပြုလုပ်ရမည်၊

(တ) ပြည်ပနိုင်ငံတွင် တရားဝင်မှတ်ပုံတင် ရရှိထားသော ထုတ်လုပ်သူ သို့မဟုတ် အခွင့်အာဏာလွှဲအပ်ထားသူထံမှဝယ်ယူကြောင်း အထောက်အထား တင်ပြရမည်၊

(k) if the stock of pesticides or active ingredients in the possession seems to have deteriorated in quality, stop selling and disposal shall be made according to the instructions of the Department of Agriculture.

(l) the pesticide should be sold by packing safely and the ruptured packing shall be repacked with the Myanmar Label which is approved by the Registration Board before sale;

(m) no pesticide shall be falsely advertised for sale with respect to its efficacy; the advertisement for sale shall be made in the manner approved by the Registration Board;

(n) Inspection by the inspector shall be allowed and assistance necessary for inspection shall be rendered.

(o) Pesticides should be imported, sold, repacked and formulated with labels and instruction translated only in Myanmar Language.

(p) The applicant shall be submitted the purchasing certificate issued by authorized organization or manufacturer from responsible country.

# အခန်း(၅)
## လိုင်စင်ရရှိသူက လိုက်နာရမည့်အချက်များ

၃၇။ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာခရိုင်ဦးစီးမှူးက ထုတ်ပေးသော လိုင်စင်ရရှိသူသည် အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်-

(က) လိုင်စင်ကို အများမြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်၊

(ခ) လိုင်စင်တွင် ခွင့်ပြုထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုသာ ဖော်စပ်ထုတ်လုပ်ခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရမည်၊

(ဂ) ပြည်တွင်းတွင် ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်ခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်နှင့် အညီလိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဖော်စပ်ထုတ်လုပ်သည့် သို့မဟုတ် ပြန်လည်ထုပ်ပိုးသည့် ပိုးသတ်ဆေးများ၏ အရည်အသွေးနှင့် အာနိသင်တို့နှင့် စပ်လျဉ်း၍ တာဝန်ခံရမည်။ သတ်မှတ်ထားသော အညွှန်းစာအတိုင်းသုံးစွဲပါလျှက် အရည်အသွေးမပြည့်မီသော ပိုးသတ်ဆေးများကြောင့် သီးနှံများထိခိုက်ပြီး စီးပွားရေးဆုံးရှုံးမှုဖြစ်

# CHAPTER V
## Conditions to be Complied by the Licence Holder

37. The licence holder shall comply with the following conditions mentioned in the licence issued by Director General or respective District Officer;

a. the licence shall be displayed in a conspicuous place;

b. only the pesticide or active ingredient permitted on the licence shall be formulated, produced, repacked or sold;

c. the formulation or repacking of pesticides locally shall be undertaken in accordance with the provisions of the existing laws with the respect to health and social aspects of workers;

d. the quality and efficacy of formulated or repacked pesticide shall be guaranteed; the distributor or seller shall compensate the equal amount of loss based on inspector’s report relating to the

လာပါက ဆုံးရှုံးမှုတန်ဘိုးကို သက်ဆိုင်ရာ စစ်ဆေးရေး မှူး၏ စစ်ဆေးတင်ပြချက်ပေါ်တွင် အခြေခံလျှက် ဖြန့်ဖြူး သည့် ကုမ္ပဏီ သို့မဟုတ် အရောင်းဆိုင်မှ ပေးလျော်ရမည်၊

(င) ပိုးသတ်ဆေးများကို မှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့် လမ်းညွှန်ချက်အတိုင်း အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်စေ ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ထိန်း သိမ်းခြင်း ပြုရမည်၊

(စ) ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်သူ၊ ပြန်လည် ထုပ်ပိုးသူ၊ လက်လီ/လက်ကား ရောင်းချသူများသည် အောက်ပါ သတ် မှတ်ချက်များကိုလည်း လိုက်နာရမည်-

(၁) ပိုးသတ်ဆေးသိုလှောင်သည့် အဆောက်အအုံ၏ မြင် သာသောနေရာတွင်" **အန္တရာယ်ရှိသည်"** ဆို သည့် စာတမ်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(၂) ပိုးသတ်ဆေး အသွင်းအထုတ် မပြုလုပ်သည့် အချိန် တွင် သိုလှောင်ရုံကို လုံခြုံစွာ သော့ခတ်ထားရမည်၊

(၃) ပိုးသတ်ဆေး အတင်အချပြုလုပ်ရာတွင် အန္တရာယ် ကင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

(၄) ပိုးသတ်ဆေး သိုလှောင်ရုံတည်နေရာ၊ သိုလှောင် ထားသည့်အမျိုးအစားနှင့်အများဆုံး သိုလှောင်မည့် ပမာဏကို အနီးဆုံး မီးသတ်စခန်းသို့ လစဉ်ပေးပို့ ထားရမည်၊

economic losses and crop damage by using the unqualified pesticides in spite of following the prescribed label.

(e) shall be complied with the safety guidelines issued by the Registration Board when handling, transporting and storing of pesticides

(f) formulators, repackers, wholesale and retail dealers of pesticide shall also comply with the following conditions :

1. the "**Danger**" sign shall be displayed in a conspicuous place of the pesticide store;

2. the pesticide store shall be securely locked when loading and unloading is not in progress;

3. pesticide shall be loaded and unloaded under the supervision of a person experienced in safe handling;

4. the nearest Fire Brigade Station shall be notified of the location of pesticide store, type of pesticide which is stored and its maximum storage capacity on a monthly basis;

(ဆ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများအတွင်း သိုလှောင်ထားခြင်းမပြုရ၊

(ဇ) ပိုးသတ်ဆေးများကိုရောင်းချရာတွင် ကုန်အမှတ်တံဆိပ်နှင့် မြန်မာဘာသာပြန်ဆိုထားသော အညွှန်းစာ ပူးတွဲပါရှိရမည်။ ယင်းအညွှန်းစာကို မှတ်ပုံတင်အဖွဲ့၏ အတည်ပြုချက်ရယူပြီး ဖြစ်ရမည်၊

(ဈ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ကန့်သတ်သည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့်လက်မှတ် ရရှိပြီးသူများကိုသာ ရောင်းချရမည်၊

(ည) ပိုးသတ်ဆေးကိုလက်ကား သို့မဟုတ် လက်လီ ရောင်းချသည့်ကိစ္စတွင် အရောင်းပြေစာဖြင့် ရောင်းချခြင်း၊ ဝယ်ယူသူများ၏အမည်စာရင်းနှင့် ဝယ်ယူသည့်ပမာဏကို မှတ်ပုံတင်စာအုပ်တွင် နေ့စဉ်ရေးသွင်းခြင်း၊ အရောင်းပြေစာနှင့် မှတ်ပုံတင်စာအုပ်ကို သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက လာရောက်စစ်ဆေးသည့် အခါ တင်ပြခြင်းပြုရမည်၊

(ဋ) ပိုးသတ်ဆေးများကို အစားအသောက်များ၊ ဆေး ဝါးများ၊ လူသုံးကုန်၊ အလှကုန်များနှင့် ပုံစံတူ ထုပ်ပိုးရောင်းချခြင်း သော် လည်းကောင်း၊ လမ်း ဘေးတွင် ရောင်းချခြင်း သော် လည်း ကောင်းမပြုရ၊

(g) no pesticide shall be stored in the living quarter;

(h) Pesticides should be sold with the attachment of trade mark, Myanmar label and instruction. This label has already been approved by the Registration Board;

(i) The sale of restricted pesticides occasionally by the Registration Board shall be retailed only to the certified pesticide applicators.

(j) Wholesale or retail sale of pesticide should be sold with vouchers and daily registers showing names of purchasers and type and quantity of pesticide being sold. Such vouchers and registers shall be made available for inspection by the respective Officer or Inspector.

(k) pesticide shall not be sold in similar packaging to food- stuff, medicines, consumable goods and cosmetics, and on the roadside;

(ဌ) ပိုးသတ်ဆေးများကို လုံခြုံစွာထုပ်ပိုး၍ ရောင်းချရမည်။ ပေါက်ပြဲနေသည့် ပိုးသတ်ဆေး အထုပ်များ၊ ဘူးများကို ရောင်းချခြင်းမပြုရ၊

(ဍ) ကုန်အမှတ်တံဆိပ်နှင့် အညွှန်းစာမပါရှိသော ပိုးသတ်ဆေးများကို ရောင်းချခြင်းမပြုရ၊

(ဎ) ဈေးကွက်သို့ရောက်ရှိပြီးသော ပိုးသတ်ဆေးနှင့် အဆိပ်ရှိပစ္စည်းများသည် အကြောင်းတစ်ခုခုကြောင့် ရောင်းချရန်မသင့်လျော်ပါကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းတို့ကို ပြန်လည်သိမ်း ဆည်းခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်ကညွှန်ကြားသည့်အတိုင်းလိုက်နာဆောင်ရွက်ရမည်၊

(ဏ) ပိုးသတ်ဆေးများကို သက်ဆိုင်ရာဦးစီးမှူးကဖြစ်စေ၊ စစ်ဆေးရေးမှူးကဖြစ်စေ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကိုခံယူရမည့်အပြင် လိုအပ်သည့် အကူအညီများပေးရမည်၊

(တ) ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးရန်အတွက် နမူနာတောင်းခံလာပါကသတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကိုနမူနာရယူသည့်လက်မှတ်ပုံစံ(၁၂)ဖြင့်သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးအား အခမဲ့ရယူခွင့်ပြုရမည်၊

(ထ) လက်လီလက်ကား ရောင်းချခွင့် လိုင်စင်တစ်ခုလျှင် အရောင်းဆိုင်တစ်ဆိုင်သာ ဖွင့်ရမည်၊

(l) pesticide should be sold safely packed and the ruptured packaging and containers should not be sold.

(m) pesticides without trade mark and label should not be sold;

(n) if the pesticides and active ingredients in market is found on inspection to have unsuitable for marketing with any reason, its recall shall be made according to the instructions of the Director General;

(o) inspection of pesticides by the respective Officer or Inspector shall be allowed and necessary assistance shall also be rendered;

(p) The inspector or respective officer shall be permitted to take the specified quantity or weight of sample to the prescribed manner free of charge in order to inspect the quality of pesticide with the sampling certificate *form (12)*.

(q) only one shop shall be allowed to open under one wholesale or retail licence;

(ဒ) လိုင်စင်ရရှိသူသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များကိုလည်း လိုက်နာ ဆောင်ရွက်ရမည်၊

(ဓ) ပိုးသတ်ဆေး ဖြန့်ဖြူးရောင်းချခြင်း ဆောင်ရွက်လိုသူသည် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံမှ ခွင့်ပြုချက်ရရှိထားသော လက်လီလက်ကားရောင်းချခွင့်လိုင်စင် ကိုင်ဆောင်ထားသူ ဖြစ်ရမည်၊

(န) ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်းများကို တင်သွင်းခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စရပ်အားလုံးတွင် စွန့်ပစ်ရေများ၊ ရေသန့်စင်ရေးနှင့် အခြားစွန့်ပစ်ပစ္စည်း သန့်စင်ရေးလုပ်ငန်းများဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ ကြိုတင်ဆောင်ရွက်ထားရမည်၊

## အခန်း(၆)

## ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့် စည်းကမ်းများ

၃၈။ ပိုးသတ်ဆေးသုံးစွဲသူသည် ဥပဒေပုဒ်မ ၂၆ ပါစည်းကမ်း များကို လိုက်နာရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သီးနှံအလိုက် သတ်မှတ်ပေးထားသည့် ပိုးသတ်ဆေးအမျိုးအစားကို သတ်မှတ်သည့် နည်းလမ်းအတိုင်းသာ သုံးစွဲရမည်၊

(r) the licence holder shall comply with the conditions mentioned in National Environmental Quality (Emission) Instructions and Environmental Impact Assessment Procedures issued by the Ministry of Natural Resources and Environmental Conservation;

(s) pesticide seller shall be the wholesale or retail licence holder permitted by the respective District Officer;

(t) in all process relating to importation of active ingredients of pesticides, repacking, manufacturing and storage, decontamination of waste and other discharge of the plant (Primary Waste Management) system shall be made in advance.

## CHAPTER VI

## Conditions to be Complied by the Pesticide User

38. The pesticide user should be complied with the conditions under section 26 of the Law as follows;

a. the pesticide prescribed on crop basis shall only be used in the specified manner;

(ခ) အိမ်တွင်းသုံး ပိုးသတ်ဆေးများမှအပ အခြားပိုးသတ်ဆေးများကို လူနေအိမ်ခန်းများအတွင်းထား ရှိခြင်းမပြုရ၊

(ဂ) မရိတ်သိမ်းသေးသည့် စားသုံးသီးနှံတွင် ပိုးသတ်ဆေး သုံးစွဲပါက အညွှန်းစာပါ သတ်မှတ်ထားသည့်အတိုင်း ရိတ်သိမ်းရန် စောင့်ဆိုင်းရမည့်အချိန်ကာလ ကုန်ဆုံးပြီးနောက်မှသာ ရိတ်သိမ်းခြင်း၊ ရောင်းချခြင်းပြုရမည်၊

(ဃ) သက်ဆိုင်ရာဦးစီးမှူးသို့မဟုတ် စစ်ဆေးရေးမှူးက ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ပမာဏစစ်ဆေးရန်လိုအပ်၍ သီးနှံနမူနာတောင်းခံလာလျှင် နမူနာရယူရန် သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာ အရေအတွက် သို့ မဟုတ် အလေးချိန်ကို အခမဲ့ရယူခွင့်ပြုရမည်၊

(င) နမူနာယူသည့် လက်မှတ်ပုံစံ (၁၅) ကို စစ်ဆေးရေးမှူးထံမှတောင်းဆိုရန် တာဝန်ရှိသည်၊

(စ) စားသုံးရန်သီးနှံနှင့် စပ်လျဉ်း၍ ရိတ်သိမ်းပြီးနောက် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ပမာဏသည် သတ်မှတ်ချက်ထက်ကျော်လွန်လျှင် စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဆ) မှတ်ပုံတင်ခွင့်ပြုချက်မရသော၊ ပိတ်ပင်တားဆီး ထားသောပိုးသတ်ဆေးများကို သုံးစွဲခြင်းမပြုရ၊

b. no pesticides other than those formulated for domestic use shall be kept in the living quarters;

c. harvesting and sale of food crops shall be done only after the elapse of pre-harvest interval of pesticide applications as prescribed in the instruction;

d. the required quantity or weight of crop samples for pesticide residue analysis taken according to the specified sampling method, shall be provided free of charge, if required by the respective Officer or Inspector;

e. it shall be responsible to ask the sampling certificate *form (15)* from the inspector;

f. the decision of the Director General shall be complied with in respect to harvested food crop containing pesticide residue higher than the permitted level;

g. unpermitted registration or banned pesticides shall not be used.

၃၉။ စိုက်ပျိုးရေးလုပ်ငန်း၊ မြို့ရွာသန့်ရှင်းရေး၊ ခြင်၊ ယင်၊ ကြွက်နှင့် အိမ်တွင်းပိုးမွှားများ၊ အခြားပိုးမွှားများ နှိမ်နင်းရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးသုံးစွဲသည့် အစိုးရဌာနများနှင့် အများပြည်သူတို့သည် မှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာသုံးစွဲရမည်။

## အခန်း (၇)

## ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများက တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း

၄၀။ အပိုဒ် ၂၁ အရ ပြည်ပမှပိုးသတ်ဆေး သို့မဟုတ် အဆိပ် ရှိပစ္စည်း တင်သွင်းလိုသူက တင်ပြလာသော ပိုးသတ်ဆေး အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့က စိစစ်ပြီးနောက် တင်သွင်းခွင့်ရရှိရေးအတွက် ကုန်သွယ်ရေးဦးစီး ဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လိုအပ်သလို ဆောင်ရွက်ပေးရန် ထောက်ခံပေးနိုင်သည်။

၄၁။ မှတ်ပုံတင်အဖွဲ့နှင့် ဦးစီးဌာနသည် ပိုးသတ်ဆေးများ အရည်အသွေးနှင့်ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနည်း၊ ဓာတ်ခွဲစစ်ဆေးရန် နမူနာရယူနည်း၊ စားသုံးသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ဓာတ်ခွဲစစ်ဆေးရန် နမူနာရယူနည်းတို့နှင့်စပ်လျဉ်း၍ အမိန့်ထုတ်ပြန် သတ်မှတ်ပေးရမည်။

39. Government Departments and the public using pesticides for agricultural purposes urban and rural sanitation works and control of mosquitoes, flies, rats and household insects and other insects shall comply with the orders and directives issued by the Registration Board.

## CHAPTER VII

## Exercise of the Duties and Powers of the Director General, Region / State/ District/ Township Officers or Inspectors

40. After scrutiny of the safety measures assessed for the import of pesticides or active ingredients under paragraph 21, the Pesticide Registration Board may recommend the Department of Trade, Ministry of Commerce for necessary action.

41. The Registration Board and the Department shall issue orders relating to the methods for evaluation of pesticide quality conformity, sampling for laboratory quality analysis and sampling for pesticide residue analysis in food crops.

၄၂။ ညွှန်ကြားရေးမှူးချုပ်သည် စစ်ဆေးရေးမှူးများအား ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်း တာဝန်ပေးအပ်နိုင် သည်။

| | |
|---|---|
| (၁) ဒု-တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) တိုင်းဒေသကြီး/ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၃) တိုင်းဒေသကြီး/ပြည်နယ်မျိုးစေ့တာဝန်ခံ | အဖွဲ့ဝင် |
| (၄) တိုင်းဒေသကြီး/ပြည်နယ်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးကတာဝန်ပေးအပ်သည့် အရာထမ်းတစ်ဦး | အဖွဲ့ဝင် |

(ခ) ခရိုင်အဆင့် မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

| | |
|---|---|
| (၁) ခရိုင်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၃) ခရိုင်မျိုးစေ့တာဝန်ခံ | အဖွဲ့ဝင် |
| (၄) ခရိုင်မြေအသုံးချရေး တာဝန်ခံ | အဖွဲ့ဝင် |
| (၅) ခရိုင်ဦးစီးမှူးမှ တာဝန်ပေးအပ်သည့် အမှုထမ်းတစ်ဦး | အဖွဲ့ဝင် |

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်ပါက စစ်ဆေးရေးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

42. In order to carry out inspection works in accordance with the Law, the Director General shall assign the inspectors teams as follows:

(a) Region/State level Inspection team ;

| | |
|---|---|
| (1) Deputy Region/State Officer | Team Leader |
| (2) Region/State Plant Protection Officer | Member |
| (3) Region/State Seed Officer | Member |
| (4) Region/State Land Use Officer | Member |
| (5)Officer assigned by Region/State Officer | Member |

(b) District level Inspection team;

| | |
|---|---|
| (1) District Officer | Team Leader |
| (2)District Plant Protection Officer | Member |
| (3) District Seed Officer | Member |
| (4) District Land Use Officer | Member |
| (5) Staff assigned by District Officer | Member |

(c) The Director General shall re-form the inspection teams if necessary.

၄၃။ ပိုးသတ်ဆေးများ ကိုင်တွယ်သုံးစွဲခြင်း၊ လက်လီ/လက်ကား ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းစေရန် ပိုး သတ်ဆေးကိုင်တွယ်သုံးစွဲသူသင်တန်းများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များတွင် အခါအားလျော်စွာ ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ဦးစီးမှူးက ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ရုံးထံ တင်ပြ ၍ စီစဉ် ဆောင်ရွက်ရမည်။

၄၄။ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူ သင်တန်းတွင် ရှေးဦးသူနာပြုနည်းများကိုပါ သင်ကြားပို့ချနိုင်ရန် သက်ဆိုင်ရာဦးစီးမှူးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သို့မဟုတ် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး၏ အကူအညီကိုရယူပြီး ဆောင်ရွက်ရမည်။

၄၅။ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူသင်တန်း တက်ရောက် အောင်မြင်ပြီးသူများကိုသာ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရသူအဖြစ် ဦးစီးဌာနက လက်မှတ်ထုတ်ပေးရမည်။

၄၆။ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူများနှင့် ပိုးသတ်ဆေးသုံးစွဲမှုများသော နယ်မြေဒေသရှိတောင်သူများတွင် ပိုးသတ်ဆေး အဆိပ်သင့်မှု ရှိ/မရှိ လိုအပ်သောစစ်ဆေးမှုများကို သက်ဆိုင်ရာဦးစီးမှူးက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပူးပေါင်းလျက် အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်း ပြုလုပ်ရမည်။

43. The respective Officer shall, with the prior approval of the Director General, organize Certified Pesticide Applicator Training Courses from time to time on the systematic handling for safety in the application and retail/ wholesale of pesticides in States/ Regions/ Districts and Townships.

44. The respective Officer shall seek the assistance of State/Region or Township Medical Officer to include first aid procedures in Certified Pesticide Applicator Training Courses.

45. The Department shall issue certificates of recognition as Certified Pesticide Applicators only to those who attend and pass the Certified Pesticide Applicator Training Courses.

46. The respective Officer shall in-cooperation with the respective State/Region or Township Medical Officer examine occasionally whether Certified Pesticide Applicators and farmers in areas subject to the high use of pesticides have been exposed to toxicity, and maintain records

၄၇။ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေး မှူးများသည် ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန် ဈေးကွက် မှရယူထားသည့် နမူနာကို နမူနာရယူသည့် လက်မှတ်မိတ္တူ နှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသို့ မူလအခြေအနေ အတိုင်း ရောက်ရှိရန် ပေးပို့ရမည်။

၄၈။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေး ဓာတ်ခွဲခန်းသည် ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၃)**ဖြင့် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ တစ်စောင်စီထုတ်ပေးရမည်။ အရည်အသွေး လျော့နည်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ အမြန်ဆုံး တင်ပြရမည်။

၄၉။ ပိုးသတ်ဆေးတင်သွင်းသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ အာနိသင်လျော့နည်းသွားကြောင်း တစ်နည်းနည်းဖြင့် စစ်ဆေးတွေ့ရှိရသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ရန်ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်းသို့မဟုတ်ထုပ်ပိုးပစ္စည်းများနှင့် စပ်လျဉ်း၍ ဖျက်ဆီးစွန့်ပစ်ခြင်းတို့ကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးရမည်။

၅၀။ အများပြည်သူများ၏အကျိုးငှာ ရိတ်သိမ်းပြီးဖြစ်သည့် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုပမာဏ သတ်မှတ်ချက်ထက် ကျော်လွန်ခြင်းရှိ/မရှိ စစ်ဆေးရန် လိုအပ်လျှင် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ်

47. The respective Township Officer or Inspector shall send the pesticide sample obtained from the market for quality analysis to the Department of Agriculture, Plant Protection Division, Pesticide Analytical Laboratory along with a copy of the sampling certificate and ensure that the sample gets to the laboratory in its original condition.

48. The Department of Agriculture, Plant Protection Division, Pesticide Analytical Laboratory shall after analysis, issue the pesticide quality analysis certificate in *form (13)*, to the respective Officer or Inspector and the sample owner. If the quality does not meet the standard it shall be reported to the Pesticide Registration Board as quickly as possible.

49. The Director General shall prescribe condition for destruction or disposal of the stock of pesticide or active ingredient, in the hands of importer or licence holder found by any means to have deteriorated in quality, of the pesticide, active ingredient or packing materials due to be disposed of for any reasons.

50. For the benefit of the public, the respective Officer or Inspector if necessary is entitled to take specified quantity or weight of samples in the manner prescribed free of charge to determine whether

စစ်ဆေးရေးမှူးက နမူနာ ရယူရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို အခမဲ့ရယူနိုင်ခွင့်ရှိသည်။ ထိုသို့ရယူရာတွင် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက နမူနာရယူသည့် လက်မှတ်ကို **ပုံစံ(၁၅)** ဖြင့် ထုတ်ပေးရမည်။

၅၁။ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး သည် အပိုဒ် ၅၀ အရ ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှုစစ်ဆေး ရန်ရယူထားသည့်နမူနာကို နမူနာရယူသည့် လက်မှတ်မိတ္တူနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသို့ မူလအခြေအနေအတိုင်းရောက်ရှိစေရန် ပေးပို့ရမည်။ စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသည် စစ်ဆေးပြီးနောက် ပိုးသတ်ဆေး ဓာတ်ကြွင်းစစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၆)** ဖြင့် သက်ဆိုင်ရာ ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ တစ်စောင်စီ ထုတ်ပေးရမည်။ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုပမာဏသည် သတ်မှတ်ချက်ထက် ကျော်လွန်နေကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံသို့ အမြန်ဆုံး တင်ပြရမည်။

## အခန်း(၈)
## အထွေထွေ

၅၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဥပဒေနှင့်အညီ ရရှိသော ဝင်ငွေများအတွက် သက်ဆိုင်ရာဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ထားရှိရမည်။

pesticide residue levels in harvested crops exceed prescribed limits. In taking such samples, the respective Officer or Inspector shall issue sampling certificates in f*orm (15).*

51. The sample taken by the respective Township Officer or Inspector for pesticide residue analysis under paragraph 50, shall be dispatched to ~~reach~~ the Department of Agriculture, Plant Protection Division, Pesticide Analytical Laboratory along with the copy of sampling certificate and in its original condition. The Department of Agriculture, Plant Protection Division, Pesticide Analytical Laboratory shall, after analysis, issue the pesticide residue analysis certificate in *form (16)* to the respective Township Officer or Inspector and the sample owner. If the pesticide residue content is found to exceed the prescribed limit, it shall be reported to the Director General as quickly as possible.

## CHAPTER VIII
## Miscellaneous

52. The Department of Agriculture shall open a Bank account for the incomes in accordance with the Law.

၅၃။ စိုက်ပျိုးရေးဦးစီးဌာနသည် အပိုဒ် ၅၂ အရ ရရှိသော ဝင်ငွေများ လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေနည်းဥပဒေများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၄။ ပြည်ပမှ တင်သွင်းလာသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများကို အရည်အသွေး စစ်ဆေးမှုခံယူရန်အတွက် အပိုဒ် ၃၆(က) အရ ရယူသည့်နမူနာများနှင့်အတူ **ပုံစံ(၁၁)** ဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ မပျက်မကွက် လျှောက်ထားရမည်။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသည် ပိုးသတ်ဆေးအရည် အသွေးစစ်ဆေး တွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ (၁၃)** ဖြင့် စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ (၁) စောင်စီ ထုတ်ပေးရမည်။ အရည်အသွေးလျော့နည်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံ အမြန်ဆုံးတင်ပြရမည်။

၅၅။ ပြည်တွင်း၌ ဖော်စပ်ထုတ်လုပ်သော ပိုးသတ်ဆေးလိုင်စင်ရရှိသူ၏ လက်ဝယ်ရှိပိုးသတ်ဆေးများကို စစ်ဆေးလိုလျှင် လည်းကောင်း၊ သုံးစွဲသူမှ အရည်အသွေးမပြည့်မီဟုယူဆသော ဈေးကွက်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုချက်ရထားသည့် ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဓာတ်ခွဲစစ်ဆေးလိုလျှင် လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများနှင့်အတူ နမူနာရယူရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်များနှင့် အတူ

53. The Department of Agriculture shall comply with existing laws, rules and the directives issued from time to time by the Central Bank of Myanmar with respect to the receipts, safe custody and expenditures of incomes under paragraph 52.

54. The specified quantity of the samples of imported pesticide or active ingredients taken under clause 36 (a) shall be sent to the Department of Agriculture, Plant Protection Division for compulsory analysis in *form (11)*. The Department of Agriculture, Plant Protection Division, Pesticide Analytical Laboratory shall after analysis, issue pesticide quality analysis certificate on *form (13)*, to the Inspector and the sample owner. If the quality is found to have deteriorated, the matter shall be reported to the Director General as quickly as possible.

55. In order to test the pesticide quality analysis from the hand of locally pesticide formulator or any registered pesticide from the market by the user, together with the respective Township Officer or Inspectors, sample should be taken with the prescribed manner with the prescribed sample quality or weight and submitted by filling in

**ပုံစံ(၁၁)**ကိုပင် ဖြည့်သွင်း၍ လျှောက်ထားရမည်။ စစ်ဆေးပြီးနောက် ပိုးသတ်ဆေး အရည်အသွေးစစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၃)** ဖြင့် ထုတ်ပေးရမည်။

၅၆။ စိုက်ပျိုးရေးဦးစီးဌာနသည် အပိုဒ် ၅၄ အရ ပြည်ပမှ တင်သွင်းလာသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို စစ်ဆေးရာတွင် ကျသင့်သော စစ်ဆေးစမ်းသပ်ခကို မြန်မာကျပ်ငွေဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ရယူရမည်။ ထို့အပြင် အပိုဒ် ၅၅ အရ ပြည်တွင်း၌ ဖော်စပ်ထုတ်လုပ်သော ပိုးသတ်ဆေးနှင့် လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးများကိုစစ်ဆေးရာတွင်လည်းကောင်း၊ သုံးစွဲသူမှအရည်အသွေးမပြည့်မီဟုယူဆသော ဈေးကွက်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြု ချက်ရထားသည့် ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဓာတ်ခွဲစစ်ဆေးရာတွင်လည်းကောင်း၊ မြန်မာကျပ်ငွေဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ရယူရမည်။

၅၇။ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုပမာဏကို စစ်ဆေးပေးရန် **ပုံစံ(၁၄)**ဖြင့် လျှောက်ထားလာပါက နမူနာရယူရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်နှင့်အတူ ကျသင့်သောဓာတ်ခွဲစမ်းသပ်ခကို သတ်မှတ်သည့် မြန်မာကျပ်ငွေဖြင့် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ပေးပို့လာလျှင် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းကစစ်ဆေးပေးနိုင်သည်။ ယင်းသို့စစ်ဆေးပြီးနောက် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု စစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၆)** ဖြင့် ထုတ်ပေးရ မည်။

*form (11).* After analysis, certificate for pesticide quality assessment should be issued by form 13.

56. The Department of Agriculture shall in analyzing the pesticide or active ingredient imported under paragraph 54, charge analytical fees in Myanmar Kyat as prescribed by the Registration Board. In addition, fees for the analysis of locally produced pesticide and pesticides in hands of the licence holders under clause 55 and fees for the laboratory analysis of any registered pesticides in the market which shall be assumed to have lower quality by the consumers shall be charged in Myanmar Kyat.

57. The Department of Agriculture, Plant Protection Division, Pesticide Analytical Laboratory may analyze the residue content of food crops if it is requested by someone in *form (14)* and submitted along with the specified quantity or weight of sample taken in the manner prescribed and together with the payment of analytical fees in Myanmar Kyat in accordance with the prescribed procedures. The pesticide residue analysis certificate shall be issued in *form (16).*

၅၈။ ပြည်ပမှ တင်သွင်းလာသော ပိုးသတ်ဆေးလိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးတို့သည် မှတ်ပုံတင်စဉ်က တင်ပြထားသည့် အရည်အသွေး၊ အချက်အလက်များနှင့်ကိုက်ညီမှု ရှိ/မရှိကို ဓာတ်ခွဲစမ်းသပ်သည့်ကိစ္စမှတပါး ပိုးသတ်ဆေး၏အာနိသင်နှင့် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ဓာတ်ခွဲစမ်းသပ်ခြင်းများကို မှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများက စစ်ဆေးပေးနိုင်သည်။ အကယ်၍ ဓာတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာလျှင် စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေး ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်သည်အပြီးအပြတ် ဖြစ်စေရမည်။

၅၉။ မှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေးစစ်ဆေးနိုင်ကြောင်း အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများသည် ဓာတ်ခွဲသည့် နည်းစနစ်များ တူညီရေး၊ ဓာတ်ခွဲတွေ့ရှိချက်ရလာဒ်များ မှန်ကန်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေး ဓာတ်ခွဲခန်းနှင့် ပူးပေါင်းလေ့လာမှု ပြုရမည်။

၆၀။ စိုက်ပျိုးရေးဦးစီးဌာနသည် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ လက်တွေ့သုံးစွဲရာတွင် သီးနှံဖျက်ပိုးမွှားများကို ထိရောက်စွာနှိမ်နင်းနိုင်စွမ်း ရှိ/မရှိ၊ သုံးစွဲသူများအတွက်လည်း စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိနှင့် လူ၊တိရစ္ဆာန်နှင့်သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ်ရှိ/မရှိ စသည့်အချက်များကို အခါအားလျော်စွာ စိုက်ခင်းစမ်းသပ်မှုများ ပြုလုပ်၍ပြန်လည်ဆန်းစစ်ပြီး ရရှိသည့်အထောက်အထား အချက်အလက်များကို မှတ်ပုံတင်အဖွဲ့ထံသို့ အခါအား လျော်စွာ တင်ပြအစီရင်ခံရမည်။

58. With the exception of analysis of imported pesticide in the hands of licence holders for pesticide quality conformity and particulars submitted at the time of registration, laboratories recognized by the Registration Board may perform pesticide quality and residue analysis in food crops. In the event of any disputes with respect to the analytical results, the analysis of the Department of Agriculture, Pesticide Analytical Laboratory shall be final.

59. The Laboratories which can analyze the pesticide recognized by the Registration Board shall participate in collaborative studies with the Department of Agriculture, Pesticide Analytical Laboratory for ensuring uniformity in methodology and correct evaluation of comparable results.

60. The Department of Agriculture shall periodically re-evaluate the effects of registered pesticides with respect to their efficacy in controlling crop pests, economic justification and hazard to human, animal and environment etc., in their practical field use, and report from time to time to the Registration Board along with supporting data.

၆၁။ ပြည်ပသို့တင်ပို့သည့် သီးနှံများ၊ သစ်တောထွက်ပစ္စည်း၊ သိုလှောင်သီးနှံများနှင့်အခြားပစ္စည်းများ၊ ဂိုဒေါင်များ၊ အဆောက်အအုံများနှင့် လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့် နေရာ၊ သယ်ဆောင်ယာဉ်နှင့် ကုန်သေတ္တာများ ပိုးသတ်ဆေးပက်ဖျန်းခြင်း သို့မဟုတ် အဆိပ်ငွေ့မှိုင်းတိုက်ခြင်းကိစ္စတွင် မှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုသည့်အစိုးရဌာနနှင့် အဖွဲ့အစည်းများကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၆၂။ စိုက်ပျိုးရေးဦးစီးဌာနသည် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို သုံးစွဲသူများက အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးအတွက် အခါအားလျော်စွာ ပညာပေးစာစောင်များ ရိုက်နှိပ်၍ အခမဲ့ ဖြန့်ဖြူးပေးရမည်။

၆၃။ မှတ်ပုံတင်ထားခြင်း မရှိသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာခြင်း မရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနသည် သက်ဆိုင်ရာအစိုးရ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဒေါက်တာရဲတင့်ထွန်း)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ပမဖ-၃/၂၀၁၉ (၄၆၇)
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်။
ဖြန့်ဝေခြင်း-
နိုင်ငံတော်သမ္မတရုံး၊
သမ္မတဦးစီးရုံး

61. The pesticide treatment or fumigation of export crops, forest products, stored products and others, warehouses, buildings and living environment, stored places, vehicles and containers shall be carried out only by the Government Departments and Organizations recognized by the Registration Board.

62. The Department of Agriculture shall occassionally distribute educational pamphlets to the registered pesticides users free of charge for the safe use.

63. The Department of Agriculture shall in-cooperation with the respective Government Departments, take action to prevent the entry into Myanmar of unregistered pesticides or active ingredients.

(Dr Ye Tint Tun)
Director General

Letter No;
Dated
Circulation:
Office of the President
President Staff Office

ဒုတိယသမ္မတ(၁) ဦးစီးရုံး

ဒုတိယသမ္မတ(၂) ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များအားလုံး

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြော်ငြာပေးပါရန်

ဤဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး

Vice President (1) Staff Office

Vice President (2) Staff Office

Office of the Union Government

Office of the Pyidaungsu Hluttaw

Office of the Pyithu Hluttaw

Office of the Amyotha Hluttaw

Office of the Supreme Court of the Union.

Office of the Constitutional Tribunal of the Union

Office of the Union Election Commission

All Ministries

Office of the Attorney General of the Union

Office of the Auditor General of the Union

Office of the Union Civil Service Board

Office of the Nay Pyi Taw Council

Offices of the State/ Regional Governments

Central Bank of Myanmar

Members of the Pesticide Registration Board

Director General,<br>Printing and Publishing Department } (For favour of publication in Myanmar Gazette Part (1).

All Departments under Ministry of Agriculture, Livestock and Irrigation.

ပုံစံ(၁)

## ပိုးသတ်ဆေးမှတ်ပုံတင်ရန် သို့မဟုတ် ပြင်ဆင်မှတ်ပုံ တင်ရန်လျှောက်လွှာ

ရက်စွဲ----------------

သို့

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

၁။ လျှောက်ထားသူ၏ အမည်နှင့်လိပ်စာ--------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြား/အမျိုးသားမှတ်ပုံတင်/ နိုင်ငံခြားသား မှတ်ပုံတင်အမှတ်---------------------------------------------------

၃။ လျှောက်ထားသည့်မှတ်ပုံတင်အမျိုးအစား---------------------------

၄။ ပိုးသတ်ဆေးကုန်သွယ်မှုအမည်--------------------------------------

၅။ ပါဝင်သည့် အဆိပ်ရှိပစ္စည်းအမည်နှင့် ပြင်းအား၊ ဖော်စပ်သည့်ပုံစံ------------------------------------------------------------

၆။ ထုတ်လုပ်သူ/ဖော်စပ်သူ၏အမည်နှင့်လိပ်စာ-----------------------

၇။ တင်သွင်း/ဖြန့်ဖြူးရန်အဆိုပြုသည့်ပုဂ္ဂိုလ်/ အဖွဲ့အစည်း၏ အမည်နှင့်လိပ်စာ-------------------------------------------------

၈။ ထုပ်ပိုး/ထည့်သွင်းသည့်ပစ္စည်းအမျိုးအစားနှင့်အရွယ်အစား--------

၉။ လျှောက်လွှာနှင့်အတူ မပျက်မကွက်ပူးတွဲတင်ပြရန် လိုအပ်သည့်အချက်များ-

(က) ပိုးသတ်ဆေးနှင့် ပတ်သက်သည့် အချက်အလက်များ စာတမ်းမိတ္တူ(၃)စုံ၊

(ခ) အသုံးပြုရန် အဆိုပြုတင်ပြသည့် တံဆိပ်(အညွှန်းစာ)(၃)စုံ (မြန်မာဘာသာပြန်ဆိုချက်ဖြင့်)၊

Form (1)

## APPLICATION FOR REGISTRATION OR AMENDMENT OF REGISTRATION OF PESTICIDE

Date:……………………

To

Pesticide Registration Board

1. Name and address applicant :……………………………………………….
2. National Identity Card/ National Registration/ Foreigner Registration Certificate No.:………………………………….
3. Type of Registration: ……………………………………………………….
4. Trade name of pesticide: …………………………………………………..
5. Name of active ingredient(s) and concentration, type of formulation:………………………………………………………………….
6. Name and address of the manufacturer/ formulator:………………...
7. Name and address of proposed importing/ distributing organization: ……………………………………………………………..
8. Packing size and packing material:…………………………………...
9. Check list of compulsory attachments to be submitted along with the application:

(a) 3 copies of technical supporting documents;

(b) 3 copies of Myanmar Label and instruction;

(ဂ) အဆိပ်ရှိပစ္စည်းပါဝင်မှု တိကျစွာဖော်ပြထားသည့် ပိုးသတ်ဆေး(၁)ဂရမ် (၂) ပုလင်း၊

(ဃ) အဆိပ်ရှိပစ္စည်း တစ်မျိုးထက် ပိုမိုပါဝင်လျှင် ပါဝင်သည့် ပိုးသတ်ဆေးအမျိုးအစားပေါ်မူတည်၍ ဖော်ပြသည့် စံပိုးသတ်ဆေးများအား သီးခြားစီပေးပို့ရန်၊

(င) စက်ရုံထုတ်အဆင့် အဆိပ်ရှိပစ္စည်းအပြင်းတွင် ပါဝင်သည့် အဆိပ်အတောက်ဖြစ်နိုင်သော မသန့်သည့်ပစ္စည်းများ သို့မဟုတ် အစွမ်းမဲ့ပစ္စည်းများ (ယာယီ/ အပြည့်အဝမှတ်ပုံတင်ခွင့်လျှောက်ထားရာတွင်) အား တိုင်းတာစစ်ဆေးရန်အတွက် ယင်းတို့၏ စံနမူနာ (၀.၅)ဂရမ်၊

(စ) စက်ရုံထုတ် အဆိပ်ရှိ ပစ္စည်းအပြင်း(များ) (၂၅) ဂရမ်၊

(ဆ) ပိုးသတ်ဆေး အရည်အသွေး စစ်ဆေးရန်နှင့် ဓါတ်ကြွင်းစစ်ဆေးရန်အတွက်အသုံးပြုရန် ထောက်ခံထားသည့် ဓာတ်ငွေ့သုံးစက်ကိရိယာနှင့် အရည်ဖိအားသုံး စက်ကိရိယာတို့တွင် လိုအပ်သည့် ဆံချည်မျှင်ပြွန်ကော်လံများ၊

(ဇ) ပိုးသတ်ဆေး အရည်အသွေးစစ်ဆေးရန်နှင့် ဓာတ်ကြွင်း လေ့လာရေးစမ်းသပ်ကွက်များပြုလုပ်ရန် လုံလောက်သည့် ပမာဏရှိသည့် ဖော်စပ်ပြီးပိုးသတ်ဆေး (တင်သွင်းသည့်ပမာဏကိုဖော်ပြရန်)

၁၀။ အထက်ဖော်ပြထားသည့် အချက်အလက်များသည် ပြည့်စုံမှန်ကန်ပါကြောင်း ဝန်ခံကတိပြုပါသည်။

-----------------------

လျှောက်ထားသူလက်မှတ်

(c) 2 bottles of 1 gram pesticide of specified purity of active ingredient;

(d) If pesticide contains more than one active ingredient, standard pesticide should be packed separately;

(e) 0.5 gram of each toxic impurities or inactive by-products being in the technical active ingredient (s) (in the case of application for provision or full registration);

(f) 25 grams technical active ingredient, or ingredients;

(g) Gas chromatographic packings and HPLC column(s) recommended for quality control and residue analysis of the pesticide and its residues;

(h) Formulated product in sufficient amount for conducting field trials to assess the quality control and study the pesticide residue of the product (State the imported quantity);

10. The above facts are declared complete and correct

………………………

Signature of applicant

ပုံစံ(၂)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
## ပိုးသတ်ဆေးမှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်လက်မှတ်

ရက်စွဲ---------------

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့သည်------------------ကုမ္ပဏီမှထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ယှဉ်တွဲပါ ပိုးသတ်ဆေး အမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

၂။ ထုတ်လုပ်သည့်ကုမ္ပဏီအမည်----------------------------------------

၃။ ပိုးသတ်ဆေး၏ မှတ်ပုံတင်ထားသောအမည်------------------------

၄။ ပါဝင်သည့် အဆိပ်ရှိပစ္စည်း(များ)အမည်နှင့်ပြင်းအား---------------

၅။ သုံးစွဲခွင့်လက်မှတ်အမျိုးအစား---------------------------------------

၆။ မှတ်ပုံတင်အမှတ်----------------------------------------------------

၇။ သက်တမ်းကုန်ဆုံးမည့်နေ့ရက်---------------------------------------

စည်းကမ်းချက်များ

(က) တင်သွင်းလာမည့် မည်သည့်ပိုးသတ်ဆေးကိုမဆို ပိုးသတ်ဆေး တင်သွင်းခွင့်ထောက်ခံချက် ရယူ ဆောင်ရွက်ရမည်။

(ခ) မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးရန်နှင့် နောက်ကျပါက သတ်မှတ်သည့်ဒဏ်ကြေးကို ပေးဆောင်ရမည်။ ၆လ ကျော်လွန်ပါက မှတ်ပုံတင်ဖျက်သိမ်းခြင်း ခံရမည်။

Form (2)

## GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
## PESTICIDE REGISTRATION BOARD
## PESTICIDE REGISTRATION OR AMENDED REGISTRATION CERTIFICATE

Date:……………………

1. The Republic of the Union of Myanmar, Pesticide Registration Board hereby grants the following pesticide accompanied with the type of pesticides manufactured by ……………Company.

2. Name of Manufacturing Company:……………………………………..
3. Registered name of Pesticide:…………………………………………..
4. Name of active ingredient(s) and concentration:……………………
5. Type of use permit:………………………………………. …………..
6. Registration Certificate Number:……………………………………
7. Expiry date:………………………………………………… …………..

Conditions:

(a) The Registrar Shall take import endorsement for any importing pesticide to country.

(b) The registration shall be renewed before expired and if the renewal of registration is late, penalty fee shall be paid. If the registration is not renewed after (6) months of expired date, the registration shall be revoked.

မှတ်ချက်

(က) ဤမှတ်ပုံတင်လက်မှတ် ရရှိသူသည် ပိုးသတ်ဆေးအား ထိရောက်စွာနှင့် အန္တရာယ်ကင်းစွာအသုံးပြုနိုင်ရေးနှင့် ပတ်သက်၍ ထပ်မံသိရှိလာသော အချက်အလက်များအား တင်ပြရန် တာဝန်ရှိသည်။

(ခ) စမ်းသပ်သုံးစွဲခွင့် မှတ်ပုံတင်အမျိုးအစားသည် မှတ်ပုံတင်အဖွဲ့က နယ်မြေအတွင်း ပိုးသတ်ဆေး၏ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့်သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် ( ၂ ) နှစ်တာ ကာလအတွက် စမ်းသပ်သုံးစွဲခွင့်ပြုကြောင်း မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသော မှတ်ပုံတင်အမျိုးအစားဖြစ်ပါသည်။

ရုံးတံဆိပ်

အတွင်းရေးမှူး
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

မှတ်ပုံတင်အဖွဲ့က ဖော်ပြရမည့်အချက်အလက်များ

(က)အဆိပ်ရှိပစ္စည်း၏အမည်၊
(ခ) အဆိပ်ရှိပစ္စည်းများပါဝင်မှုနှင့် ပြင်းအား
(ဂ) အရည်အသွေးဆိုင်ရာ စံနှုန်းများ၊
(ဃ) ထည့်သွင်းထုပ်ပိုးပစ္စည်း အမျိုးအစားနှင့်အရွယ်
(င) သုံးစွဲရမည့်ပုံစံ၊
(စ) သုံးစွဲမှုကန့်သတ်ချက်၊
(ဆ)မှတ်ပုံတင်ထားသော မရိတ်သိမ်းမီ စောင့်ဆိုင်းရမည့်ကာလနှင့် ခွင့်ပြုထားသော အမြင့်ဆုံး ခါတ်ကြွင်းပါဝင်မှု၊

Note.

(a) With respect to effective and safe use of pesticide, the person who gets this registration certificate is responsible for submitting the further obtained facts and information.

(b) Experimental Registration is a kind of registration certificate granted by the Pesticide Registration Board to use for field trial test only within 2 years duration in order to specify the efficacy of pesticides, and the appropriate application method suitable for agricultural technology in the prescribed area by Pesticide Registration Board.

SEAL

Secretary
Pesticide Registration Board

Facts to be mentioned by the Registration Board.

(a) Name of active ingredient
(b) Contents and concentration of Active Ingredient.
(c) Quality specifications
(d) Type and size of packaging material
(e) Use patterns
(f) Restriction on use.
(g) Registered pre-harvest intervals and permitted maximum residue limit

ပုံစံ(၃)

## ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့် လိုင်စင်လျှောက်လွှာ

ရက်စွဲ----------------------

သို့

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

၁။ လျှောက်ထားသူ၏အမည်----------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြား/ အမျိုးသားမှတ်ပုံတင်/ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်-----------------------------------------------------

၃။ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုအရည်အချင်း--------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ----------------------------------------------

၅။ ပိုးသတ်ဆေးထုတ်လုပ်၊ ရောင်းချ၊ သိုလှောင်မည့်နေရာ အဆောက်အအုံ လိပ်စာ-----------------------------------------------------------

(က) အဆောက်အအုံအမျိုးအစား(အမိုး/အကာ/ အခင်း)---------

(ခ) ဧရိယာအကျယ်အဝန်း-----------------------------------------

(ဂ) သန့်ရှင်းရေး/ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပြင်ဆင်ထားရှိမှုများ-------------------------------------------------

၆။ ဖော်စပ်/ ထုတ်လုပ်မည့်ပိုးသတ်ဆေး/ အဆိပ်ရှိပစ္စည်း(များ)၏အမည်များ-----------------------------------------------------------

၇။ ထုတ်လုပ်ပြီးကုန်ပစ္စည်း၏ အသေးစိတ်ဖော်ပြချက်----------------- (ဖော်စပ်နည်း၊ အဆိပ်ရှိပစ္စည်းပါဝင်မှု၊ ထည့်သွင်းပစ္စည်း အမျိုးအစားနှင့်အရွယ်အစား၊ ထုပ်ပိုးပစ္စည်းအမျိုးအစားနှင့် အရွယ်အစားစသည်များ)

Form (3)

## APPLICATION FORM FOR MANUFACTURE/FORMULATION AND SALE OF PESTICIDE LICENCE

Date:……………………

To

Director General
Department of Agriculture

1. Name of applicant: ……………………………..……
2. National Identity Card/ National Registration/ Foreigner Registration Certificate No.:……………………………………….
3. Professional qualification: ……………………………………….
4. Permanent address: ……………………………………………….
5. The address of the premises in which the pesticides will be manufactured, stored and sold:…………………………………….

   (a) Type of building (roof/wall/floor) :……………………………

   (b) area:…………………………………………………..………….

   (c) sanitation and protective facilities:……………… ……………

6. Name of active ingredient(s) to be formulated/ manufactured:……………………………………………………..
7. Detail description of final product:…………………….. (formulation, active ingredient content, packing material, packing size)

၈။ ဆေးအလိုက်နှစ်စဉ် ထုတ်လုပ်ရန် ခန့်မှန်းပမာဏ-------------------

၉။ ထုတ်လုပ်မှုတွင် ပါဝင်ဆောင်ရွက်မည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရပ်ဆိုင်ရာ အရည်အချင်းများ-----------------------------------

**ပူးတွဲတင်ပြချက်များ**

(၁) လိုင်စင်ခပေးသွင်းပြီးကြောင်း ပြေစာမူရင်း၊

(၂) ပညာရပ်ဆိုင်ရာအချက်အလက်များ ဖော်ပြပါရှိမည့် ထုတ်လုပ်မှုနည်းစနစ်အကျဉ်း၊ (စွန့်ပစ်ရေများ ရေသန့်စင်ရေးနှင့် အခြားစွန့်ပစ်ပစ္စည်း သန့်စင်ရေးလုပ်ငန်းများ အပါအဝင်)

(၃) ပိုးသတ်ဆေး မှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင် အမှတ်၊

(၄) ပိုးသတ်ဆေးမူပိုင်ရှင်ရှိထားသူ (သို့မဟုတ်) အဆိပ်ရှိပစ္စည်း ထုတ်လုပ်သူ၏ သဘောတူညီချက်၊

(၅) ထုတ်လုပ်မှုတွင် ပါဝင်ဆောင်ရွက်မည့် တာဝန်ရှိ ပုဂ္ဂိုလ်များ၏လက်မှတ်၊ ပိုးသတ်ဆေးကိုင်တွယ် သုံးစွဲခွင့် လက်မှတ်မိတ္တူ ၊

-----------------------

လျှောက်ထားသူ၏လက်မှတ်

8. Estimated yearly formulated amount of each pesticide: ……………………………

9. Name and qualification of responsible persons to be involved in the production:…

**Attachments:**

1. Receipt for payment of licence fee (original);
2. Brief description of technological process including decontamination of waste and other discharge of the plant;
3. Number of registration or amended registration, if any, of pesticide;
4. Written consent of the patent owner of pesticide or manufacturer of the active ingredient;
5. Signature of the responsible persons to be involved in the production, copy of Certificate in Certified Pesticide Applicator Training.

………………………

Signature of applicant

ပုံစံ(၄)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

## ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်

ရက်စွဲ------------------

၁။ လိုင်စင်အမှတ်----------------------------------------------------------

၂။ -------------------- ကုမ္ပဏီ/လုပ်ငန်းမှ ဦး/ဒေါ် -------------နိုင်ငံသား စိစစ်ရေးကတ်ပြား/အမျိုးသားမှတ်ပုံတင်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ----------------------------အား အောက်ဖော်ပြပါ ကျွမ်းကျင်သူဝန်ထမ်းများ၏လမ်းညွှန်ကြီးကြပ်မှုဖြင့်----------------တွင်ရှိသော အဆောက်အအုံ/ သိုလှောင်ရုံများတွင် ဖော်ပြထားသည့် ပိုးသတ်ဆေးများထုတ်လုပ်ရန် သို့မဟုတ် ဖော်စပ်ရောင်းချရန် ခွင့်ပြုလိုက်သည်။

| အမည် | ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်း |
|---|---|
| ------------- | ------------ |
| -------------------- | ---------------- |

| ထုတ်လုပ်သည့် ပစ္စည်းအမည် | အသုံးပြုသည့် ကုန်သွယ်မှုအမည် | ပါဝင်သောအဆိပ်ရှိ ပြင်းအား/ဖော်စပ်ပုံ |
|---|---|---|
| ----------------- | ----------------- | ----------------------- |
| ----------------- | ----------------- | ----------------------- |

**စည်းကမ်းချက်များ**

(က) လိုင်စင်ရရှိသူသည် ထုတ်လုပ်/ဖော်စပ်မည့် ပိုးသတ်ဆေးနှင့် ပတ်သက်၍ မှတ်ပုံတင်ရရှိပြီး ဖြစ်ရမည်။

Form (4)

**GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION**
**DEPARTMENT OF AGRICULTURE**

## LICENCE FOR MANUFACTURE/FORMULATION AND SALE OF PESTICIDE

Date:……………………

1. Licence Number:……………………………………………
2. U/Daw……………National Identity Card/ National Registration/ Foreigner Registration No……………..of………… enterprise/ company is hereby granted licence to manufacture/ formulate and sell the pesticides hereunder on the premises situated at………under the supervision of the following expert staff:

| Name | | Qualification | |
|---|---|---|---|
| | ……………………… | | ……… |
| | ……………………… | | ……… |

| Name of product | Trade name used | Active ingredient/ formulation |
|---|---|---|
| ………………… | …………………… | ……………………… |
| ………………… | …………………… | ……………………… |

Conditions:

(a) The licence holder shall have register certificate for the pesticide to be manufactured or formulated.

(ခ) ထုတ်လုပ်သော ပိုးသတ်ဆေး၏ အရည်အသွေးစံနှုန်းများသည့် မှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြထားသော ပိုးသတ်ဆေး အရည်အသွေးများနှင့် ကိုက်ညီမှုရှိရမည်။

(ဂ) လိုင်စင်ရရှိသူသည် ထုတ်လုပ်မှု သို့မဟုတ် ဖော်စပ်ကြီးကြပ်သူတာဝန်ခံပြောင်းလဲလျှင် လိုင်စင်ထုတ်ပေးရာဌာန/ ပုဂ္ဂိုလ်ထံ ယင်းပြောင်းလဲမှုကို ကြိုတင်အကြောင်းကြားရမည်။

(ဃ) လိုင်စင်ရရှိသူသည် ပိုးသတ်ဆေးတစ်မျိုးမျိုးအား ဖြည့်စွက်ထုတ်လုပ်/ဖော်စပ်ခြင်းကို ဆောင်ရွက်လိုပါက လိုင်စင်ပါ ပိုးသတ်ဆေးအမည်စာရင်းတွင် ဖြည့်စွက်ထည့်သွင်းနိုင်ရန်အလို့ငှာ လျှောက်လွှာ အသစ်တစ်စောင် ထပ်မံတင်သွင်းရမည်။

(င) မှတ်ပုံတင်အဖွဲ့မှ အတည်ပြုထားသော တံဆိပ်နှင့် အညွှန်းစာ (မြန်မာဘာသာ) ဖော်ပြပါရှိရမည်။

(စ) ကန့်သတ်ထားသော ပိုးသတ်ဆေး အမျိုးအစားကို ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရသူများကိုသာ ရောင်းချရမည်။

(ဆ) ပိုးသတ်ဆေးဝယ်ယူသူများ၏ အမည်နှင့်နေရပ်လိပ်စာကို ရေးမှတ်ပြီး ပြေစာဖြင့် ရောင်းချရမည်။

(ဇ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးရန်နှင့် နောက်ကျပါက သတ်မှတ်သည့်ဒဏ်ကြေးကိုပေးဆောင်ရမည်။ ၆လကျော်လွန်ပါက လိုင်စင်ဖျက်သိမ်းခြင်းခံရမည်။

ရုံးတံဆိပ်

